# သဖန်းခုံကျေးရွာ

# သရက်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သဖန်းခုံကျေးရွာ၊ သရက်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁-ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၂ |
| စကားချီး | | ၄ |
| သဖန်းခုံကျေးရွာ၏ ကျေးရွာအရင်းအမြစ်ပြ မြေပုံ၊ သရက်မြို့နယ် | | ၆ |
| သဖန်းခုံကျေးရွာ၏ ရာသီခွင်ပြက္ခဒိန်ပြပုံ | | |
| သဖန်းခုံကျေးရွာ၏ ကျေးရွာတွင်းအဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင်အနေအထား | ၆ |
| **၂။** | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၇ |
| **၃။** | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇ |
| **၄။** | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၈ |
| | **(က) သီးနှံစိုက်ပျိုးရေး** | ၈ |
| | **(ခ) မွေးမြူရေးလုပ်ငန်း** | ၈ |
| | **(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | ၈ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၉ |
| **၅။** | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | **(က) ကျေးလက်သယ်ယူပို့ဆောင်ရေး** | ၉ |
| | **(ခ) ကျေးရွာမီးလင်းရေး** | ၉ |
| | **(ဂ) သတင်းနှင့်ဆက်သွယ်ရေး** | ၉ |
| **၆။** | **ပညာရေး** | ၁၀ |
| **၇။** | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၀ |

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၁
၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၁
၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၂

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ၁၄
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၆
နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၆၄
နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) ၆၆
နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) ၆၈
နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) ၇၀

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁-၂၀၂၂ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ သဖန်းခုံကျေးရွာ၏ ကျေးရွာသူ၊ ကျေးရွာသားများ ပါဝင်ရေးဆွဲသည့် ပထမဦး ဆုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦး:စီးဌာနအား အထူးပင် ကျေးဇူးတင်ရှိ ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေ ပြည်သူများနှင့် သရက်မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိနားလည်ခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက် များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်း

စဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေသည့် အချိန်တွင်လည်း လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလ အပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ နာယကရပ်မိရပ်ဖအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ဂေါပကအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ပရဟိတအဖွဲ့၊ သမအဖွဲ့၊ စိုက်ပျိုးဘဏ်၊ လက်သမားအဖွဲ့၊ ရပ်မိရပ်ဖများ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သရက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်းနှစ်ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိမှုလမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်း အချက်အလက်အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၂၁-ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပေါက်တောအုပ်စု၊သဖန်းခုံကျေးရွာ

သရက်မြို့နယ်

## မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ သဖန်းခုံကျေးရွာအုပ်စု၊

## သဖန်းခုံ၏ကျေးရွာနှင့် သယံဇာတပြမြေပုံ



## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်

## ၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (၁.၁) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်အသစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာမှ ပြည်သူများကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ဤစီမံချက်များ ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းများ သတင်းအချက်အလက်များအား ပြုစုရန် အရေးကြီးပုံကို သိရှိခဲ့ရပါသည်။ ထို့ပြင် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စိမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး

ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှု များကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူ အညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ် နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင် ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက် များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင် မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ နိုင်ငံတစ်ကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ် အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလုပ်လာနိုင်မည် ဖြစ်ပါသည်။

(၁.၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်ထည့်ဝင်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ပဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ကျေးရွာ၏ တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

သရက်မြို့နယ်၊ ပေါက်တောအုပ်စု၊ သဖန်းခုံကျေးရွာသည် သရက်မြို့နှင့် (၁၆)မိုင်ခန့် ကွာဝေးပြီး သရက်မြို့၏မြောက်ဘက်ခြမ်းတွင်တည်ရှိပါသည်။ သဖန်းခုံကျေးရွာနှင့် နယ်နိမိတ်ချင်း ထိစပ်နေ သော ကျေးရွာများမှာ ရွာ၏ တောင်ဘက်တွင် ကြီးကန်ကျေးရွာ၊ မြောက်ဘက်တွင် ညောင်ကိုင်းကျေးရွာနှင့်နီးစပ်မှုရှိပါသည်။ ကျေးရွာမှ သရက်-မင်းလှ အဝေးပြေးလမ်းမကြီးသို့ (၂)ဖာလုံခန့် ကွာဝေးပြီး မြေနီလမ်းဖြစ်ပါသည်။ ရာသီဥတု အနေဖြင့် ပူပြင်းချောက်သွေ့ပြီး တခါတရံ မိုးနည်းပြီး တခါတရံ မိုးများသဖြင့် ရာသီဥတု မမှန်သော အနေအထားဖြစ်ပါသည်။ ကျေးရွာအနီးတွင် တော တောင်နှင့်မြစ်တို့မရှိဘဲ နွေရာသီတွင် ချောင်းရေသာရှိပြီး မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပါသည်။

၃။ ကျေးရွာ၏ လူမှုရေးနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

သဖန်းခုံကျေးရွာတွင် အိမ်ထောင်စု(၄၁)စု၊ အမျိုးသား (၈၁)ဦး၊ အမျိုးသမီး (၉၀)ဦး ဖြစ်ပြီး လူဦးရေစုစုပေါင်း (၁၇၁)ဦး နေထိုင်လျှက်ရှိပါသည်။ နေထိုင်သူ လူဦးရေ၏ ( )ခန့်မှာ မွေးကင်းစမှ ၅ နှစ်အရွယ် ကလေးငယ်များဖြစ်ပြီး ကျောင်းနေအရွယ် ကလေးဦးရေ (ကျား ၄ဦး)၊ သက်ကြီးရွယ်အိုဦးရေ(၁၆)ဦးနှင့် ၁၅နှစ်မှ ၆၄နှစ်အတွင်း အလုပ်လုပ်နိုင်သော အရွယ် ရှိ လူဦးရေ (၁၃၀) ရှိပါသည်။ ကျေးရွာအိမ်ထောင်စုအားလုံးမှာ ဗမာလူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများဖြစ်ပါသည်။

၄။ သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၄.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ကျေးရွာနေပြည်သူ အများစုမှာ စပါး၊ ပဲတီစိမ်း၊မြေပဲ၊ ကုလားပဲ၊ နှမ်း၊ ဝါ စသည့် သီးနှံများကို အဓိကထားစိုက်ပျိုးကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၅၂)ဧက၊ ယာမြေ (၈၂)ဧက၊ ဥယျာဉ်ခြံမြေ ( - )ဧက၊ အိမ်ခြံဝန်းစိုက်ခင်း (-) ဧက၊ ကိုင်း ( - ) ဧကနှင့် စားကျက်မြေ (၃၀) ဧက စုစုပေါင်း စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှု (၁၆၄) ဧက ရှိပြီး တောင်သူ အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှ (၂) ဧကခန့် ပိုင်ဆိုင်ကြပါသည်။ ပလပ်မြေ (၂၀) ဧကနှင့် သစ်တောမြေ (၂၀၀) ဧက ရှိပါသည်။

စိုက်ပျိုးရေရရှိမှုအနေဖြင့် မိုးရေကိုသာ အဓိကထားအသုံးပြု၍ စိုက်ပျိုးကြရပါသည်။

၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(၅.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

သဖန်းခုံကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ - အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ပညာရေးကဏ္ဍတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်း၊ လူမှုရေးအဖွဲ့အစည်းများအဖြစ် လူငယ်အဖွဲ့နှင့် အမျိုးသမီးအဖွဲ့၊ ကျေးရွာပရဟိတအဖွဲ့တို့ ဖွဲ့စည်းထားရှိပြီး ကျေးရွာသမဝါယမအသင်းနှင့် အရန်မီးသတ်တပ်ဖွဲ့တို့လည်း ဖွဲ့စည်းထား ရှိပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ် ဖွဲ့စည်းခဲ့ကြပါသည်။ ကော်မတီဝင်များသည် ကဏ္ဍအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းများ အတွက် အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော လုပ်ငန်းများအား သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနများနှင့် ချိတ်ဆက်၍ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၆) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(၆.၁) ဉစ္စာခနေအဆင့် အခြေအနေ

တောင်သူအများစုနေထိုင်သည့် ကျေးရွာဖြစ်သည့်အတွက် လယ်/ယာမြေဧက ပိုင်ဆိုင်မှုအခြေအနေ၊ ကုန်ထုတ်လုပ်ငန်းနှင့်ဆိုင်သော စက်ပစ္စည်း ပိုင်ဆိုင်မှုအခြေအနေ၊

အခြားစက်ပစ္စည်း ပိုင်ဆိုင်မှုအခြေအနေတို့ပေါ်မူတည်၍ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် အဆင်ပြေသော အိမ်ထောင်စု (၁၀)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၂၀)စု၊ မပြေလည်သော အိမ်ထောင်စု (၁၁) စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုမရှိပါ။

(၆.၂) သီးနှံထုတ်လုပ်ရေး

(က) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

သဖန်းခုံကျေးရွာတွင် နေထိုင်သော အိမ်ထောင်စုများမှာ တောင်သူများဖြစ်ပြီး စိုက်ပျိုးမြေ (၂.၅)ဧက အောက်ပိုင်ဆိုင်သော အိမ်ထောင်စု (၁၁)စု၊ (၂.၅)ဧကမှ (၅) ဧက အတွင်း ပိုင်ဆိုင်သူ အလယ်အလတ်အဆင့်ရှိ အိမ်ထောင်စု (၈)စုနှင့် (၅)စုနှင့် (၁၂.၅) ဧက အထက်ပိုင်ဆိုင်သူ တောင်သူကြီး (၁၅)စု၊ မြေယာမဲ့လက်လုပ်လက်စား အိမ်ထောင်စု (၇)စု ရှိပါသည်။

(ခ) အဓိက စိုက်ပျိုးသီးနှံများနှင့် အထွက်နှုန်း

အဓိကစိုက်ပျိုးသီးနှံမှာ **စပါး**၊ နှမ်း၊ ဝါနှင့် ပဲမျိုးစုံတို့ဖြစ်ပါသည်။ **စပါးအထွက်နှုန်းမှာ (၁) ဧကလျှင် အနည်းဆုံး (၂၅)တင်း၊ အများဆုံး (၃၅)တင်းနှင့် ပျမ်းမျှ (၃၀)တင်း ထွက်ရှိပါသည်။ နှမ်း(၁)ဧက အထွက်နှုန်းမှာ အနည်းဆုံး(၃)တင်း၊ အများဆုံး(၅)တင်းနှင့် ပျမ်းမျှ (၄)တင်း ထွက်ရှိပါသည်။ ပဲကြီး (၁)ဧကအထွက်နှုန်းမှာ အနည်းဆုံး(၅)တင်း၊ အများဆုံး (၈) တင်းနှင့် ပျမ်းမျှ (၆)တင်း ထွက်ရှိပါသည်။ပဲတီစိမ်း(၁)ဧကအထွက်နှုန်းမှာ အနည်းဆုံး(၅) တင်း၊ အများဆုံး (၈)တင်းနှင့် ပျမ်းမျှ (၆)တင်း ထွက်ရှိပါသည်။ ဝါ(၁)ဧကလျှင် အနည်းဆုံး ပိဿာ(၂၀၀)၊ အများဆုံး(၃၀၀)ပိဿာနှင့် ပျမ်းမျှ(၂၅၀)ပိဿာ ထွက်ရှိပါသည်။ ရာသီဥတု မမှန်ခြင်း၊ တခါတရံ မိုးရေရရှိမှုနည်းခြင်း၊ တခါတရံမိုးများခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း ကျဆင်းခြင်း၊ ပျိုးပင်ပေါက်များသေခြင်းတို့ဖြစ်သဖြင့် အကျိုးအမြတ်ရရှိမှုမှာ နည်းပါးလျှက် ရှိပါသည်။**

**(၆.၃) မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

**ကျေးရွာတွင်း မွေးမြူသည့် တိရစ္ဆာန်များမှာ နွား၊ ဝက်၊ ကြက် တို့မွေးမြူကြပါသည်။ နွားမွေးမြူသည့် အိမ်ထောင်စုမှာ (၃၃)အိမ်ဖြစ်ပြီး အကောင်ရေ (၁၄၆)ကောင်၊ ဝက်မွေးမြူ သည့် အိမ်ထောင်စုမှာ (၁၂)အိမ်ထောင်ဖြစ်ပြီး အကောင်ရေ (၁၆)ကောင်နှင့် ကြက်မွေးမြူ သည့် အိမ်ထောင်စုမှာ (၃၆)အိမ်ဖြစ်ပြီး အကောင်ရေ**

(၂၄၈)ကောင် မွေးမြူထားပါသည်။

**(၆.၄) မွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းကဏ္ဍ**

**အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြင့် ကျေးရွာနေ အိမ်ထောင်စု အားလုံးမှာ စိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်ကြပြီး၊ အခြားတွဲဘက် ဝင်ငွေရှာဖွေရေး လုပ်ငန်းများ အဖြစ်** လက်သမား/ပန်းရံ လုပ်ကိုင်သူ (၅)ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ (၂)ဦး၊ ပညာရေး ဝန်ထမ်း (၂)ဦး၊ ကျန်းမာရေးဝန်ထမ်း (-)ဦး၊ စက်ချုပ်သူ (၂)ဦးနှင့် အခြားလုပ်ကိုင်သူ (၃၇)ဦး ရှိပါသည်။

**၇။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၇.၁) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ**

**ကျေးရွာ၏ အဓိကထွက်ကုန်များကို သရက်မြို့ ဈေးကွက်သို့ ပို့ဆောင်ရောင်းချ ပါသည်။ ကျေးရွာမှ သရက်မြို့သို့ အကွာအဝေးမှာ (၁၆)မိုင်ခန့်ရှိပြီး** ကျေးရွာမှ ပုဂလိကပိုင် ကား (၁)စီးနှင့် ပုဂလိကပိုင်ဆိုင်ကယ်တို့ဖြင့်သယ်ယူပို့ဆောင်ခြင်းဖြစ်ပါသည်။

(၇.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး အခြေအနေ

ကျေးရွာတွင်းလမ်းများ၊ ကျေးရွာမှ သရက် - မင်းတုန်းကားလမ်းမကြီးသို့ ဆက်သွယ် ထားသည့် ချဉ်းကပ်လမ်းနှင့် ကျေးရွာချင်းဆက်လမ်းအားလုံးမှာ မြေသားလမ်းများဖြစ်ပါ သည်။ လမ်းအားလုံးမှာ မြေသားလမ်းများ ဖြစ်သဖြင့် မိုးရာသီတွင် သွားရေးလာရေး ခက်ခဲမှု များ ကြုံတွေ့ကြရပါသည်။

(၇.၃) သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုများ

ကျေးရွာအတွင်း နေထိုင်သည့် အိမ်ထောင်စုများ၏ သယ်ယူပို့ဆောင်ရေးယာဉ်များ ပိုင်ဆိုင်မှုအနေဖြင့် ဆိုင်ကယ် (၂၈)စီး၊ စက်ဘီး (၁၂)စီး၊ ကား (-)စီးနှင့် နွားလှည်း (၂၉)စီး ပိုင်ဆိုင်ကြပါသည်။

**(၇.၄) မီးရရှိမှုအခြေအနေ**

**ကျေးရွာအတွင်းနေထိုင်သည့် အိမ်ထောင်စု(၄၁)စုမှာ ပုဂလိကပိုင် ဆိုလာမီး အသုံးပြု ကြပါသည်။**

**(၇.၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာအခြေအနေ**

**ကျေးရွာနေအိမ်ထောင်စုအများစုမှာ တယ်လီဖုန်းများ ပိုင်ဆိုင်ကြပြီး ဖုန်း(၅၄) လုံး၊ ရေဒီယို (၇)လုံး၊ တီဗွီ(၈)လုံး** ပိုင်ဆိုင်ကြသော်လည်း ဖုန်းလိုင်းများ မမိခြင်းကြောင့် ဆက်သွယ်မှု အတန်အသင့်သာ ကောင်းမွန်ပါသည်။

**၈။ ပညာရေး**

**(၈.၁) ကျောင်းတက်နှုန်း**

**သဖန်းခုံကျေးရွာမှ လက်ရှိအတန်းတက်ရောက် သင်ယူနေသူ ဦးရေမှာ မူလတန်းတွင် (၂၀)ဦး၊ အလယ်တန်းတွင် (၇)ဦး၊ အထက်တန်းတွင်** (၅)ဦးနှင့် တက္ကသိုလ်တက်ရောက် နေသူ (၃)ဦး **ရှိပါသည်။**

(၈.၂) စာသင်ကျောင်းအခြေအနေ

ကျေးရွာရှိ မူလတန်းကျောင်းဆောင်မှာ ဆောက်လုပ်ဆဲဖြစ်ပါသည်။ ကျောင်းအိမ်သာ **အသင့်အတင့်ကောင်းပါသည်။** ပညာရေးဝန်ထမ်းအဖြစ် ဆရာ(၁)ဦးနှင့် ဆရာမ(၄)ဦး ရှိပြီး အခြားမှ လာရောက်တာဝန်ထမ်းဆောင်ရသော ပညာရေးဝန်ထမ်းများအတွက် ကျေးရွာမှ လုပ်အားဖြင့် ဆောက်လုပ်ထားသော ဝန်ထမ်းနေအိမ် (၂)လုံးရှိပါသည်။ ကျေးရွာမှ အလယ်တန်းကျောင်းသား/ကျောင်းသူများသည် တုတ်ကိုင်းကျောင်းသို့ သွားတက်ရပြီး အထက်တန်း ကျောင်းသား/ကျောင်းသူများသည် သရက်မြို့ရှိ အ.ထ.က (၁)ကျောင်းသို့ သွားရောက် ပညာသင်ယူကြရပါသည်။

**၉။ ကျန်းမာရေး**

**(၉.၁) အဖြစ်များသော ရောဂါများ**

**ကျေးရွာအတွင်း ရောဂါဖြစ်ပွားမှုများ အနေဖြင့် တုတ်ကွေး၊ သွေးတိုး၊ အဟာရချို့တဲ့**

**မှုနှင့် အခြားကူးစက်ရောဂါ အနည်းငယ်တို့ ဖြစ်ပွားကြပါသည်။ အခြားရောဂါများဖြစ်ပွားမှု အနည်းငယ်သာရှိပြီး HIV/AIDS ရောဂါများ ဖြစ်ပွားမှုလုံးဝမရှိပါ။**

**(၉.၂) လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လွန်ခဲ့သော (၁၂)လအတွင်း အသည်းရောင် အသားဝါရောဂါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ဂျပန်ဦးနှောက် ရောင်ရောဂါ စသည့် ရောဂါများအတွက် ကာကွယ်ဆေးနှင့် အခြားစုပေါင်းကာကွယ်ဆေး ထိုးနှံမှုများ ဆောင်ရွက်ခဲ့ပါသည်။**

**(၉.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)**

**သဖန်းခုံကျေးရွာတွင်** အစိုးရမှ ချထားပေးသော ဆေးမှူး၊ ဆေးရုံ၊ ဆေးပေးခန်းများ မရှိပါ။ လစဉ် ဘော်တိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများမှ လာရောက်၍ ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးပါသည်။ ကျေးရွာနှင့် (၇)မိုင်ခန့် ကွာဝေးသော ဘော်ကျေးရွာ တွင် တိုက်နယ်ဆေးရုံရှိပြီး အခန်း/ကုတင် လုံလောက်မှုရှိပါသည်။ ထို့ပြင် (၁၆)မိုင်ခန့် ကွာဝေးသော သရက်မြို့ရှိ ခရိုင်ဆေးရုံကြီးသို့ သွားရောက်ဆေးကုသမှုခံယူကြရပါသည်။

(၉.၄) ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

**ကျေးရွာနေအိမ်ထောင်စုများ သောက်သုံးရေရရှိမှု အနေဖြင့် ရွာဦးဘုန်းကြီးကျောင်း တွင် အုတ်စီရေတွင်း (၁)တွင်းရှိပြီး ကျေးရွာနေ အိမ်ထောင်စု (၄၁)အိမ်မှာ လက်စွဲတွင်းများသာ အသုံးပြု၍ သောက်သုံးရေ ဖူလုံမှုရှိပါသည်။**

ကျေးရွာနေ အိမ်ထောင်စုအများစုမှာ ကျန်းမာရေး ဗဟုသုတရှိသည့် အားလျော်စွာ သန့်ရှင်းသော ရေလောင်း/ယင်လုံအိမ်သာများကိုသာ သုံးစွဲကြပါသည်။

**၁၀။ ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ**

**ယခုနှစ်ကာလအတွင်း ပျက်စီးဆုံးရှုံးမှုများ မရှိပါ။ အခြားသော သဘာဝဘေး အန္တရာယ်ဖြစ်ပွားမှု နည်းပါးပါသည်။ ကျန်းမာရေးဆိုင်ရာ ဗဟုသုတကြွယ်ဝသည့်အတွက် ရောဂါဖြစ်ပွားမှုနှုန်းလည်း နည်းပါးပါသည်။**

၁၁။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှု အခြေအနေ

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု အနေဖြင့် ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဦးစီးဌာနများ ပူးပေါင်း၍ သစ်တောများ ပြုန်းတီးမှု မဖြစ်ပွားအောင် ထိန်းသိမ်းထားရှိရန် ဆောင်ရွက်လျှက်ရှိပါသည်။ သတ္တဝါများကိုလည်း အကြောင်းမဲ့ သတ်ဖြတ်ခြင်းမပြုဘဲ ထိန်းသိမ်းထားရှိပါသည်။

၁၂။ ကျား-မရေးရာ

ကျေးရွာမှ အမျိုးသားများအနေဖြင့် ကျောင်းအကျိုးတော်ဆောင်၊ ဂေါပကအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တို့တွင် ပါဝင်ဆောင်ရွက်ကြပြီး အမျိုးသမီးများအနေဖြင့် ကျေးရွာ၊ သာရေးနာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

၁၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

သဖန်းခုံကျေးရွာနေ ပြည်သူများ၏ ဆွေးနွေးတင်ပြချက်များနှင့် အကြံပြုချက်များ အပေါ်အခြေခံ၍ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ အဟန့်အတားများနှင့် စိန်ခေါ်မှုများကို အောက်တွင် ဖော်ပြထားပါသည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာနေပြည်သူအများစုမှာ တောင်သူများဖြစ်ပြီး တောင်သူတစ်ဦးလျှင် ပျမ်းမျှအားဖြင့် စိုက်ဧက (၂)ဧကခန့် ပိုင်ဆိုင်ကြပြီး မြေဆီမြေလွှာအတန်အသင့် ကောင်းမွန်သောကြောင့် စိုက်ပျိုးရေးဖြစ်ထွန်းသော ကျေးရွာဖြစ်ပါသည်။ မြို့နှင့် (၁၆)မိုင်ခန့်ကွာဝေးပြီး ကျေးရွာမှ ပုဂ္ဂလိကပိုင် ကား(၁)စီးနှင့် မိသားစုကိုယ်ပိုင် ဆိုင်ကယ်များရှိကြသဖြင့် မိုးတွင်းရာသီတွင်သာ သွားရေးလာရေးခက်ခဲသော်လည်း ပွင့်လင်းရာသီတွင် သွားရေးလာရေး အဆင်ပြေပြေဖြင့် ကုန်စည်ပို့ဆောင်ရေးနှင့် သီးနှံရောင်းဝယ်ရေးအတွက် ဈေးကွက်ရှိရာ သရက်မြို့သို့ အလွယ်တကူသွားလာနိုင်ပါသည်။

ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိသဖြင့် ကျေးရွာသူ/ကျေးရွာသားအများစုမှာ အနိမ့်ဆုံး မူလတန်းအဆင့် တတ်မြောက်ကြသူများ ဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျှက်ရှိသော အဖွဲ့အစည်းများနှင့် အနိမ့်ဆုံး မူလတန်းအဆင့် တတ်မြောက်ပြီး တက်ကြွမှုရှိသော လူငယ်များရှိသည့်အတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်များစွာ အထောက်အကူပြုလျှက်ရှိပါသည်။

(ခ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ

သဖန်းခုံကျေးရွာ၏ ရွာတွင်းလမ်းများ၊ ကျေးရွာချင်းဆက်လမ်းနှင့် သရက်သွားကားလမ်းသို့သွားသည့် ချဉ်းကပ်လမ်းတို့မှာ မြေနီလမ်းများ ဖြစ်သဖြင့် မိုးတွင်းကာလတွင် သွားရေးလာရေး ခက်ခဲမှုများအနည်းငယ် ကြုံတွေ့ရသဖြင့် ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြုံတွေ့ရခြင်း၊ ကျေးရွာအတွင်းနေထိုင်ကြသည့် မိသားစုများမှာ ပုဂ္ဂလိကပိုင်ဆိုလာများသာ အသုံးပြုကြရသဖြင့် ကျေးရွာ၏ မီးဘေးအန္တရာယ် စိုးရိမ်ကြရခြင်း၊ မီးမရှိသည့်အတွက် တီဗွီကဲ့သို့သော လျှပ်စစ်ပစ္စည်းမသုံးစွဲနိုင်သဖြင့် နည်းပညာနှင့် ဗဟုသုတများ သိရှိနားလည်မှု အားနည်းကြသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အဟန့်အတားဖြစ်စေလျှက်ရှိပါသည်။

၁၄။ ရည်ရွယ်ချက် ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်ရွယ်ချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်တွင် ရေးဆွဲထားပါသည်။ သဖန်းခုံကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့် အဓိကအချက်မှာ ကျေးရွာသို့ ဆက်သွယ်သည့် လမ်းအားလုံးမှာ မြေသားလမ်းများဖြစ်သဖြင့် မိုးတွင်းကာလတွင် သွားရေးလာရေး ခက်ခဲနေ ခြင်းပင် ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျေးရွာ၏ ဖွံ့ဖြိုးရေးအတွက် အဓိကဆောင်ရွက်ရမည့် ပန်းတိုင်မှာ လမ်းအဆင့်မြှင့်တင်ခြင်းဖြစ်ပါသည်။ ကျေးရွာ၏ ဒုတိယလိုအပ်ချက်မှာ မီးရရှိရေး ဖြစ်ပါသည်။ ထို့ပြင် သဖန်းခုံကျေးရွာနေပြည်သူများ အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို အဓိကထားဆောင်ရွက်ကြသည်ဖြစ်၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ၊ မွေးမြူရေးကဏ္ဍနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်ချက်ပန်းတိုင်(၈)ခု ကို ရေးဆွဲထားပါသည်။

(၁) ကျေးရွာအတွင်း ကွန်ကရစ်လမ်းရရှိရေးဆောင်ရွက်ခြင်းဖြင့် ကျေးရွာအတွင်း သွားလာရေး လွယ်ကူစေရန် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရမည်/

(၂) ကျေးရွာအတွင်း လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ် ကာကွယ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်လာစေရမည်။

(၃) ဝန်ထမ်းအိမ်ယာတည်ဆောက်ပေးခြင်းနှင့် ကျောင်းခြံစည်းရိုး တည်ဆောက်ပေးခြင်းဖြင့် အခြားနယ်မှ ပညာရေးဝန်ထမ်းများအတွက် အထောက်အကူဖြစ်စေရမည်။

(၄) ကျောင်းစာကြည့်တိုက် တည်ဆောက်ပေးခြင်းဖြင့် လူငယ်လူရွယ်များ ပညာရည်တတ်မြောက်မှုနှင့် ဗဟုသုတရရှိစေရမည်။

(၅) စာသင်ကျောင်းခြံစည်းရိုး တည်ဆောက်ပေးခြင်းဖြင့် ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများအတွက် ဘေးကင်းလုံခြုံရန် အထောက်အကူဖြစ်စေရမည်။

(၆) ဘုန်းတော်ကြီးကျောင်းခြံစည်းရိုး တည်ဆောက်ပေးခြင်းဖြင့် ကျောင်းတော်ကြီး သန့်ရှင်းသာယာစေရန် အထောက်အကူဖြစ်စေရမည်။

(၇) ကုန်ထုတ်လမ်းရရှိရေးအတွက် ကျေးရွာလူထုထံမှ လိုအပ်သောငွေကြေးမတတ်နိုင်ခြင်းကြောင့် မိုးတွင်းအခါ ရွံ့နွံထူထပ်၍ ကုန်ထုတ်လုပ်ရာတွင် ခက်ခဲမှုရှိသောကြောင့် ကောင်းမွန်သောလမ်းရရှိပါက အဆင်ပြေချောမွေ့ပါမည်။

(၈) သန့်ရှင်းသောရေရရှိသောအခါ ဝမ်းရောဂါများ မဖြစ်ပွားအောင်ကြိုတင်ကာကွယ်နိုင်ပါသည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

အထက်ပါကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မီရန်အတွက် ကျေးရွာအတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကိုအထောက်အကူဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ်ထားပါသည်။

(၁) ကျေးရွာမှ အသုံးပြုသွားလာရသော လမ်းအားလုံးမှာ မြေနီလမ်းဖြစ်သဖြင့် မိုးတွင်းကာလတွင် ပျက်စီးခြင်းများ ဖြစ်ပေါ်သောကြောင့် တစ်နှစ်ပတ်လုံး လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စွာ သွားလာနိုင်အောင် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ဖြစ်ပါသည်။

(၂) ကျေးရွာ၏မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်အတွက် လျှပ်စစ်မီးလင်းရေး

လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(၃) မူလတန်းကျောင်းတွင် တာဝန်ထမ်းဆောင်လျှက်ရှိသော ဝန်ထမ်းအများစုမှာ နယ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်ရခြင်းဖြစ်သဖြင့် ဝန်ထမ်းများ၏ နေရေး၊ ထိုင်ရေးအတွက် ဝန်ထမ်းအိမ်ယာရရှိရေးအတွက် သက်ဆိုင်ရာဌာနများသို့ တင်ပြတောင်းခံသွားရန်ဖြစ်ပါသည်။

(၄) လူငယ်များနှင့်အမျိုးသမီးများ၏ အသိပညာဗဟုသုတ တိုးတက်လာစေရန်အတွက် စာကြည့်တိုက်တည်ထောင်ပေးရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့တင်ပြတောင်းခံသွားမည်။

(၅) စာသင်ကျောင်းခြံစည်းရိုးတည်ဆောက်ပေးခြင်းဖြင့် ဆရာ/ဆရာမများ ကျောင်းသား/ကျောင်းသူများ ဘေးကင်းလုံခြုံရန်အတွက် သက်ဆိုင်ရာဌာနများသို့ တင်ပြတောင်းခံသွားရန်ဖြစ်ပါသည်။

(၆) ဘုန်းတော်ကြီးကျောင်းခြံစည်းရိုးယိုယွင်းပျက်စီးနေပါသဖြင့်ပြန်လည်ပြုပြင်နိုင်ရန် သက်ဆိုင်ရာဌာနများသို့ တင်ပြတောင်းခံသွားရန်ဖြစ်ပါသည်။

(၇) ကုန်ထုတ်လမ်းကောင်းမွန်သောအခါ နှမ်း၊ မိုး၊ ဆောင်း ရာသီအလိုက် သီးနှံများကို သယ်ယူဆောင်ရွက်ရန် အဆင်ပြေချောမွေ့စေရန်အတွက် သက်ဆိုင်ရာဌာနများသို့တင်ပြတောင်းခံသွားရန်ဖြစ်ပါသည်။

(၈) စက်ရေတွင်းတူဖော်ရန်အတွက် ငွေကြေးအလုံအလောက် မတတ်နိုင်သဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့တင်ပြတောင်းခံသွားပါမည်။

၁၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြောင်း အစီအစဉ်ကျသောချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော မဖြေရှင်းနိုင်သော ပြဿနာများအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန်နှင့် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

## ၁၆။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့်ကာလ

### (က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃)နှစ်ကျော်လာချိန်တွင် စီမံကိန်း(၅)နှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန်လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးဝါးသောသဘာဝဘေးအန္တရာယ်သက်ရောက်မှုများ မရှိခဲ့လျှင် (၅)နှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း(၅)နှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့်ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေသည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အရေးပေါ်ကိစ္စများနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များအား ပြောင်းလဲရန်ဖြစ်ပါ သည်။ သို့ဖြစ်၍ ကျွနုပ်တို့ (၅)နှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များခွဲခြင်းသုံးသပ် ရာတွင် များစွာအထောက်အကူပြုပါမည်။ လုပ်ငန်းဆိုင်ရာ အခန်းကဏ္ဍသည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို သိရှိ နားလည်နိုင်ရန် အထောက်အကူပြုပါမည်။ စီးပွားရေးဆိုင်ရာ အခန်းကဏ္ဍသည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလာဒ်ဖြစ်ထွန်းမှုအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က)မည်သည့်ကဏ္ဍ အောက်တွင် (ဥပမာ-စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့် ဝန်ကြီး ဌာနနှင့် သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (ဥပမာ - လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ)

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (ဥပမာ - ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူရသော ရင်းနှီးမြှုပ်နှံမှုများ)

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေးစရိတ် (ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်)

(၄) လူသားခြင်းစာနာမှုအထောက်အပံ့

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

သဖန်းခုံကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် လေ့လာတွေ့ ရှိရသော လိုအပ်ချက်/ ပြဿနာများ၊ ကျေးရွာနေပြည်သူများ၏ ဆွေးနွေးအကြံပြုချက်များ အပေါ် အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေး စီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေး အဆင့် | စီမံချက်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **မီးလင်းရေး** | (၄၀၀)ဗို့အားလိုင် သွယ်တန်းခြင်း ဆောင်ရွက်ရန် | ၁၀၀ | ၁ | **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဌာနမှ အကောင်အထည်ဖော်ဆောင် ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေသိန်း(၁၀၀)နှင့် ပြည်သူ** ထည့်ဝင်ငွေတို့ဖြင့် မီးလင်းရေး လုပ်ငန်းဆောင်ရွက်ရန် | |
| **လမ်းတံတား** | ကွန်ကရစ်လမ်းခင်းခြင်း | ၇၈ | ၂ | သက်ဆိုင်ရာဌာနများသို့ တင်ပြ၍ မှတ်ချက် တောင်းခံခြင်း | |
| **ရေရရှိရေး** | ရေစင်တည်ဆောက်ရန် | ၆၈ | ၃ | ကျေးရွာမှ ပူးပေါင်းဆောင်ရွက်ရန် | |
| **စိုက်ပျိုးရေ ရရှိမှု** | ဆည်မြောင်းဦးစီး ဌာနနှင့် ပူးပေါင်း၍ ဆည်အဆင့်မြင့်တင်ရန် | ၆၅ | ၄ | သက်ဆိုင်ရာ ဌာနတို့အား တင်ပြ၍ မှတ်ချက်တောင်းခံရန် | |

နောက်ဆက်တွဲ (၁)

## သရက်မြို့နယ်၊ သဖန်းခုံကျေးရွာအုပ်စု၊ သဖန်းခုံကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည် အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးအောင်မိုး | ဦးဖိုးအောင် | ၈/သရန(နိုင်)၁၈၉၄၅၃ | ဝါဆိုလဆန်း (၁၃)ရက် ၁၃၃၇ | ၄တန်း | ဥက္ကဋ္ဌ | ၀၉-၇၇၇၈၈၀၆၅၃ |
| ၂ | ဦးအောင်ကျော်ဆင့် | ဦးတောကျော် | ၈/သရန(နိုင်)၁၆၃၅၉၁ | ၁၃၄၁၊ ပြာသိုလဆန်း(၁)ရက် | ၄တန်း | အတွင်းရေးမှူး | ၀၉-၇၆၆၃၈၈၅၆၈ |
| ၃ | ဦးစံထွေး | ဦးဖိုးမှို | ၈/သရန(နိုင်)၁၆၈၈၃၆ | ၁၃၃၇၊ ဝါဆိုလဆန်း (၆)ရက် | ၄တန်း | အဖွဲ့ဝင် | ၀၉-၇၆၄၇၅၇၈၇၂ |
| ၄ | ဦးကျော်စွာဝင်း | ဦးဟန်စိန် | ၈/သရန(နိုင်)၁၆၈၈၅၉ | န်း၉.၁၂.၁၃၃၇ | ၈တန်း | ဘဏ္ဍာရေးမှူး | |
| ၅ | ဦးဇင်မင်းသန့် | ဦးအောင်မျိုးဝင်း | ၈/သရန(နိုင်)၁၂၄၂၀၈ | ၃.၆.၂၀၀၃ | ၉တန်း | အဖွဲ့ဝင် | |
| ၆ | ဦးမျိုးလှိုင်ဝင်း | ဦးစိန်သောင်း | ၈/သရန(နိုင်)၁၀၉၂၃၇ | ၁၀.၆.၂၀၀၁ | ၉တန်း | စာရင်းကိုင် | |
| ၇ | ဦးသက်ဝေဖော် | ဦးမောင်ကျော် | ၈/သရန(နိုင်)၁၀၉၂၃၀ | ၁၃၅၉ | Third Years | စာရင်းကိုင် | |

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည် အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၈ | ဒေါ်မူမူစိန် | ဦးသန်းရွှေ | ၈/သရန(နိုင်)၀၆၈၈၄၉ | တပေါင်းလဆုတ် ၁၁.၁၃၃၆ | ၄တန်း | အဖွဲ့ဝင် | |
| ၉ | ဒေါ်အိမွန်ကျော် | ဦးဝင်းစိုး | ၈/သရန(နိုင်)၁၀၉၂၆၅ | ၂၅.၂.၂၀၀၁ | Second years | အဖွဲ့ဝင် | ၀၉-၇၉၅၀၅၄၉၈၁ |
| ၁၀ | ဒေါ်စန္ဒာဗိုလ် | ဦးကျော်ဆန်းဝင်း | ၈/သရန(နိုင်)၁၂၂၃၈၈ | ၂၄.၁.၂၀၀၅ | ၁၀တန်း | အဖွဲ့ဝင် | ၀၉-၇၇၄၀၄၉၅၆၁ |

**သရက်မြို့နယ်၊ သဖန်းခုံကျေးရွာအုပ်စု၊ သဖန်းခုံကျေးရွာ၏ ဝယ်ယူရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည်အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးအောင်မိုး | ဦးဖိုးအောင် | ၈/သရန(နိုင်)၀၈၉၄၅၃ | ဝါဆိုလဆန်း (၁၃)ရက် ၁၃၃၇ | ၄တန်း | ဥက္ကဌ | ၀၉-၇၇၇၈၈၀၆၅၃ |
| ၂ | ဦးစံထွေး | ဦးဖိုးမှို | ၈/သရန(နိုင်)၀၆၈၈၃၆ | ၁၃၃၇၊ ဝါဆိုလဆန်း | ၄တန်း | အဖွဲ့ဝင် | ၀၉-၇၆၄၇၅၇၈၇၂ |
| ၃ | ဦးကျော်စွာဝင်း | ဦးဟန်စိန် | ၈/သရန(နိုင်)၀၆၈၈၅၉ | န်း၉.၁၂.၁၃၃၇ | ၈တန်း | ဘဏ္ဍာရေးမှူး | ဦးကျော်စွာဝင်း |

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | | | မရှိ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၄ | - | ၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅ | ၃ | ၈ |
| ၁၀နှစ်မှ၁၄နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄ | ၉ | ၁၃ |
| ၁၅နှစ်မ ၆၄နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၈ | ၆၉ | ၁၂၇ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၇ | ၉ | ၁၆ |
| **စုစုပေါင်း** | | **၇၈** | **၉၀** | **၁၆၈** |
| **စုစုပေါင်း အိမ်ထောင်စု** | | ၄၁ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ သဖန်းခုံကျေးရွာတွင် အိမ်ထောင်စု (၄၁)စု၊ အမျိုးသား (၇၈)ဦး၊ အမျိုးသမီး (၉၀)ဦး ဖြစ်ပြီး လူဦးရေစုစုပေါင်း (၁၇၁)ဦး နေထိုင်လျှက်ရှိပါသည်။ နေထိုင်သူ လူဦးရေ၏ (၃%)ခန့်မှာ မွေးကင်း စမှ ၅-နှစ် အရွယ် ကလေးငယ်များဖြစ်ပြီး၊ ကျောင်းနေအရွယ် ကလေးဦးရေ (၁၀%)၊ သက်ကြီးရွယ်အိုဦးရေ (၄%)နှင့် (၁၅-နှစ်မှ ၆၄-နှစ်)အတွင်း အလုပ်လုပ်နိုင်သောအရွယ်ရှိ လူဦးရေ (၅၀%)ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၇ | ၃၀% | ၄ | လတ် |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၆% | | နိမ့် |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | လတ် |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | နိမ့် |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၃ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၄ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | | | | | |
| ၅ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၆ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၇ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၈ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့်ငွေချေးခြင်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၀% | ၅ | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၉ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၀ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | **လုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၁ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၂ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၃ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား/ကျပန်း /ရာသီအလိုက် အလုပ်သမား | ၂ | ၃ | ၄ | |
| ၁၄ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| | **စုစုပေါင်း** | ၁၉၈ | ၃၆၅ | ၁၇၃ | ☒ |

**ရင်းမြစ်** … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။ အဓိကဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်မှုအနေဖြင့် ကျေးရွာနေ လူဦးရေ၏** (၇၂%)**မှာ စိုက်ပျိုးရေးလုပ်ငန်း အဓိက လုပ်ကိုင်ကြပြီး၊ တိရစ္ဆာန်မွေးမြူရေးလုပ်ကိုင်သူဦးရေ(၃၂**%)၊ လက်လီလက်ကား ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ(**၃**%)၊ ရန်ကုန်သို့ရွှေ့ပြောင်းလုပ်ကိုင်သူ (၁%) **နိုင်ငံခြားသို့ ရွှေ့ပြောင်းလုပ်ကိုင်သူ** (၁%)**ရှိပါသည်။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀% | ၃၀% | - | - |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | နေ့စား | - | - | - | – |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကျားတစ်ယောက်လုပ်အားခနှုန်း ၅၀%ရှိပြီး မတစ်ယောက်လုပ်အားခနှုန်း ၃၀% ရရှိပါသည်။ လက်သမားနှင့် ပန်းရံလုပ်ငန်း လုပ်ကိုင်သူတစ်ဦးလျှင် ၆၀% သာရရှိပြီး အမျိုးသမီးလုပ်သား မတွေ့ရှိပါ။**

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး |
|---|---|---|
| လယ်မြေ | ၅၂ | သင့် |
| ယာမြေ / တောင်ယာမြေ | ၈၂ | သင့် |
| စားကျက်မြေ | ၃၀ | သင့် |
| ကိုင်း/ကျွန်းမြေ | - | ညံ့ |
| စုစုပေါင်း | ၁၆၄ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ လယ်မြေ ဧရိယာ (ဧက) စုစုပေါင်း ၅၂ဧကသာရှိပြီး ယာမြေ/ တောင်ယာမြေ ဧက (၈၂)ဧကသာရှိပါသည်။စားကျက်မြေမှာ ၃၀ဧက ရှိပါသည်။ ဉယျာဉ် ခြံမြေနှင့် မြေလွတ်မြေလပ်များမရှိပါ။

**(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု | အသုံးချနိုင်မှု |
|---|---|---|
| **သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)** | မရှိ | အသုံးမပြုနိုင်ပါ |
| **ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ** | သင့် | ခက် |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | နည်း | ခက် |
| **သဘာဝ တိရစ္ဆာန်မျိုးစိတ်များ** | သင့် | ☒ |
| ရေ-မြေပေါ်ရေ (အင်း၊ အိုင်၊ ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း) | နည်း | **ခက်** |
| ရေ-မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း) | သင့် | **ခက်** |
| သစ်တော- အပူပိုင်းသစ်တော | နည်း | **ခက်** |
| သစ်တော- ဒီရေတောများ | မရှိ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ သဖန်းခုံကျေးရွာအနီးတွင် ချောင်းတစ်ချောင်းတည်ရှိသဖြင့် သဲနှင့်ကျောက်စရစ်တို့ အသင့်အတင့် ရရှိသော်လည်း စီးပွားဖြစ် ရောင်းချနိုင်မှု မရှိကြောင်း၊ နွားစာ/ဝက်စာများအဖြစ် စားကျက်မြေ အသင့်အတင့် ရှိကြောင်း၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များအဖြစ် ကြက်၊ ဝက်နှင့် နွားများသာရှိကြောင်း၊ ရေ- မြေပေါ်ရေ ချောင်းများ အသင့်အတင့်ရှိကြောင်း၊ ရေ- မြေအောက်ရေ တွင်းထွက်များ အသင့်အတင့်ရှိပြီး သစ်တော- အပူပိုင်းသစ်တောမှာ အနည်းငယ်သာ ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၄)ဧကနှင့် အထက် | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၁)ဧကနှင့် အထက် | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၁)ဧက အောက် | မြေမရှိ |
| အိမ်အခြေအနေ | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ဝါးထရံကာ၊ ဝါးခင်း၊သွပ်မိုး | ဝါးထရံကာ၊ဝါးခင်း ၊ သက်ကယ်မိုး/ သွပ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ ထယ်၊ ခါး၊ ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား |
| အခြားပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်၊ ဖုန်း(၂)လုံးနှင့် | ဆိုင်ကယ်၊ဖုန်း(၁) လုံး၊တီဗွီ၊စလောင်း၊ | ဖုန်း | - |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| | အထက်၊တီဗွီ၊ စလောင်း၊ ရေဒီယို | ရေဒီယို | | |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ၊ သယ်ယူပို့ ဆောင်ရေး | တောင်သူ | တောင်သူ၊ ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၉ | ၁၇ | ၃၂ | ၁၁ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ မြေယာပိုင်ဆိုင်မှု အသင့်အတင့်မျှသာရှိပြီး လူနေအိမ်အခြေအနေမှာလည်း အသင့်အတင့်ကောင်းမွန်စွာရှိပါသည်။ အဓိကစီးပွားရေးလုပ်ငန်းမှာ တောင်သူများသာ လုပ်ကိုင်၍ စီးပွား (ဝင်ငွေ) အသင့်အတင့်သာရှိပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | ၁၁ | ချေးယူ = အိမ်ထောင်စု( ၈)စု<br>လုပ်အားခကြိုယူ = အိမ်ထောင်စု (၃)စု |
| ၃လ နှင့် ၆လ ကြား ဝမ်းစာဖူလုံမှု | ၂၀ | ချေးယူ = အိမ်ထောင်စု( ၁၃)စု<br>လုပ်အားခကြိုယူ = အိမ်ထောင်စု(၂)စု |
| ၆လ နှင့် ၁၂လ ကြား ဝမ်းစာဖူလုံမှု | ၁၀ | ချေးယူ = အိမ်ထောင်စု( ၁၇)စု |

ရင်းမြစ်..ဥစ္စာနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျပန်း/နေ့စား လုပ်ကိုင်ကြသည့် အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည့် အချိန်များတွင် နေ့စားလိုက်ရသဖြင့် ဝင်ငွေ ရရှိကြသော်လည်း စိုက်ပျိုးချိန်မဟုတ်သော နွေရာသီကာလများတွင် ဝင်ငွေအနည်းငယ်သာ ဝင်သဖြင့် စားဝတ်နေရေးကြပ်တည်းမှု ကြုံတွေ့ကြရပါသည်။ မပြေလည်သောအိမ်ထောင်စု စုစုပေါင်း (၄၃)စု ရှိသည့်အနက် အိမ်ထောင်စု(၁၁)စုခန့်မှာ ဝင်ငွေနည်းပါးသော ကာလများ တွင် ဆွေမျိုး/ မိတ်ဆွေများနှင့် ငွေတိုးချေးသူများထံမှ ချေးယူခြင်း နှင့် လုပ်အားခ ကြိုယူခြင်းတို့ဖြင့် စားဝတ်နေရေးအတွက် ဖြေရှင်းကြရကြောင်း၊ အခြား အိမ်ထောင်စုများ မှာလည်း ချေးငွေရယူ၍ စားဝတ်နေရေး အတွက် ဖြေရှင်းကြရကြောင်း သိရှိရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | – | - | – |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဖန်းခုံကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေမရှိပါ။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | မြစ်ရေကြီးမှု | လတ် |
| ၂ | ရေကြီးခြင်း | လတ် |
| ၃ | မုန်တိုင်း | နိမ့် |
| ၄ | အပူလွန်ကဲခြင်း | လတ် |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် |
| ၆ | မိုးခေါင်ခြင်း | မြင့် |
| ၇ | တောမီးလောင်ခြင်း | နိမ့် |
| ၈ | စားနပ်ရိက္ခာမဖူလုံမှု | လတ် |
| ၉ | သဘာဝအရင်းအမြစ် ရှားပါးမှု(မြေ၊ ရေ) | နိမ့် |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု |
|---|---|---|
| ၁၀ | သစ်တောပြုန်းတီးခြင်း | နိမ့် |
| ၁၁ | ကူးစက်ရောဂါ | နိမ့် |
| ၁၂ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် |
| ၁၃ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းစသည် | လတ် |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ သဖန်းခုံကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေအား လေ့လာရာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စု(၁၁)စုခန့်သည် စားနပ် ရိက္ခာ မဖူလုံမှုအနေဖြင့် တစ်နှစ်လျှင် ၃-လခန့် ကြုံတွေ့ရကြောင်း၊ စိုက်ပျိုးရေရရှိမှုအနေဖြင့် မိုးတွင်းကာလတွင်သာ စိုက်ပျိုးရေဖူလုံမှုရှိပြီး အခြားကာလများတွင် စိုက်ပျိုးရေ မလုံလောက်မှုများ ကြုံတွေ့ကြရကြောင်း တွေ့ရှိရပါသည်။ ကျန်းမာရေးအနေဖြင့် ကူးစက်ရောဂါဖြစ်ပွားသူ အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုလည်း အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာမှ မြို့နှင့် အခြားရွာများသို့ သွားလိုပါက ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများဖြစ်ခြင်းကြောင့် မိုးတွင်းကာလတွင် လမ်းပမ်းဆက်သွယ်ရေး အနည်းငယ်ခက်ခဲကြောင်း တွေ့ရှိရပါသည်။**

(၀-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | လူငယ် | နိမ့် |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မရှိ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မရှိ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မရှိ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | နိမ့် |
| ၉ | ငါးကန်ပိုင်ရှင်များ | မရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | လတ် |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မရှိ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မရှိ |
| ၁၅ | ဆေးစွဲသူများ | မရှိ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မရှိ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | နိမ့် |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | နိမ့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဖန်းခုံကျေးရွာတွင် နေထိုင်သူများအနက် ထိခိုက်သက်ရောက်မှု ကျရောက်နိုင်သည့် အိမ်ထောင်စုများမှာ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စု၊ မြေယာမဲ့ ဆင်းရဲသား တောင်သူများ၊ လက်လုပ်လက်စားများနှင့် ကျပန်းလုပ်သားများဖြစ်ပြီး ၄င်းတို့ သည် စာနယ်ရိက္ခာ မဖူလုံမှုနှင့် ကြွေးမြီတင်ရှိမှု အများဆုံး ကြုံတွေ့ရကြောင်း တွေ့ရှိရ ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေးအဖွဲ့(ဥက္ကဋ္ဌ) | အုပ်ချုပ်ရေး | ၈ | - | ၈ | အုပ်ချုပ်ရေးတာဝန် | သင့် |
| ၂ | ဂေါပကအဖွဲ့ | ဘာသာရေး အုပ်စု | ၁၀ | - | ၁၀ | ဘာသာရေး | ကောင်း |
| ၃ | လူငယ်အဖွဲ့ | လူမှုရေးအဖွဲ့ | ၁၀ | - | ၁၀ | သာရေး၊ နာရေး၊ လူမှု ဖွံ့ဖြိုးရေး | ကောင်း |
| ၄ | အရံမီးသတ် အဖွဲ့ | လူမှုရေးအဖွဲ့ | ၁၀ | - | ၁၀ | လုံခြုံရေးနှင့်ကာကွယ် ရေး | သင့် |
| ၅ | မီးကော်မတီ | လူမှုရေးအဖွဲ့ | ၁၀ | ၁ | ၁၁ | သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး | ကောင်း |
| ၆ | ဓမ္မစကြာအဖွဲ့ | ဘာသာရေး | - | ၂၀ | ၂၀ | ဘာသာရေးလုပ်ငန်း | ကောင်း |
| ၇ | ဓမ္မစကူးလ် အဖွဲ့ | ဘာသာရေး နှင့် ယဉ်ကျေးမှု | ၃ | ၆ | ၉ | ဘာသာရေးလုပ်ငန်း | သင့် |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၈ | ကျောင်းကော်မတီအဖွဲ့ | လူမှုရေးအဖွဲ့ | ၅ | ၅ | ၁၀ | ပညာရေးနှင့်ငွေကြေး | သင့် |
| ၉ | လမ်းကော်မတီအဖွဲ့ | လူမှုရေးအဖွဲ့ | - | - | - | သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး | သင့် |
| ၁၀ | ကျန်းမာရေးအဖွဲ့ | လူမှုရေးအဖွဲ့ | ၅ | ၅ | ၁၀ | ကျန်းမာရေးလုပ်ငန်း | သင့် |
| ၁၁ | ယောကျ်ားလေးဝတ်အသင်း | ဘာသာရေး | ၁၂ | - | ၁၂ | ဘာသာရေးလုပ်ငန်း | သင့် |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

